# ၂၀၁၉ ခုနှစ်၊  ဇူလိုင်လ၊ တစ်လအတွင်းသုံးသပ်ချက်

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လကုန်တွင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခြင်း ခံထားရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၅၁၃ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေး အကျဉ်းသားစုစုပေါင်း ၄၁ ဦး အကျဉ်းကျခြင်းခံနေရပြီး တက်ကြွလှုပ်ရှားသူ ၁၇၅ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၂၉၇ ဦးသည် ထောင်ပြင်ပ မှနေ၍ တရားရင်ဆိုင်နေရသည်။




ဓာတ်ပုံ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ

Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အင်တာနက်စာမျက်နှာ    တွစ်တာစာမျက်နှာ    လူမှုကွန်ရက်စာမျက်နှာ

# တစ်လအတွင်းသုံးသပ်ချက်

ဇူလိုင်လအတွင်း အမှုဖွင့်၊တရားစွဲဆိုခြင်းခံခဲ့ရသူ စုစုပေါင်း ၅၇ ဦး ရှိခဲ့သည်။ ထို ၅၇ ဦးသည် အရပ်သားများ၊ တက်ကြွလှုပ်ရှားသူများနှင့် လယ်သမားများဖြစ်ကြပြီး ၎င်းတို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲရေးဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်(ငြိမ်း၊စု၊စီ)ဥပဒေ ပုဒ်မ ၁၉၊ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၄၇၊ ၄၂၇၊ ၁၈၈၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၀၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃(ခ)၊ ၃၄(ဃ)တို့ဖြင့် အသီးသီး အမှုဖွင့်၊ တရားစွဲဆိုခြင်းကို ခံခဲ့ရသည်။

ဇူလိုင်လအတွင်း ဖမ်းဆီးခြင်းခံခဲ့ရသူ စုစုပေါင်း ၄၆ ဦးရှိခဲ့သည်။ ထို ၄၆ ဦးအနက်မှ ၃၉ ဦးသည် ရခိုင် တိုင်းရင်းသားများဖြစ်ကြပြီး လေးဦးသည် ရှမ်းနှင့် တအာင်းတိုင်းရင်းသားများ၊ နှစ်ဦးသည် တက်ကြွလှုပ်ရှားသူများ ဖြစ်ကြကာ တစ်ဦးသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာမှ ဖြစ်သည်။

ဇူလိုင်လအတွင်း ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသူ စုစုပေါင်း ၂၅ ဦးရှိခဲ့သည်။ ထို ၂၅ ဦးအနက်မှ တက်ကြွလှုပ်ရှားသူနှင့် အရပ်သား ၁၇ ဦးသည် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၂၀၊ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅(ခ)၊ ပုဒ်မ ၁၈၈၊ လမ်း၊ တံတားဥပဒေ ပုဒ်မ ၂၂၊ ၂၃ နှင့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) တို့ဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းကိုခံခဲ့ရပြီး သတင်းသမားနှင့် အရပ်သား ရှစ်ဦးတို့ကို မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)တို့ဖြင့် စွဲဆိုထားသော စွဲချက်များကိုမှု ပယ်ဖျက်ရန် အမိန့်ချမှတ်ခဲ့သည်။

ဇူလိုင်လအတွင်း အရပ်သားနှင့် တက်ကြွလှုပ်ရှားသူ စုစုပေါင်း ၁၉ ဦး လွတ်မြောက်လာခဲ့သည်။ ဇူလိုင်လအတွင်း နိုင်ငံရေး အကျဉ်းသား သုံးဦးဖြစ်သော ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေး၊ ရှေ့နေ ဦးဇော်ဝင်းနှင့် ဒါရိုက်တာ ဦးမင်းထင်ကိုကိုကြီးတို့သည် ကျန်းမာရေး ကောင်းမွန်မှုမရှိကြောင်း သိရှိရသည်။

**တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားလျှက်ရှိသော ပဋိပက္ခများ၏ အကျိုးဆက်များ**

ဇူလိုင်လအတွင်းတွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကြား တိုက်ပွဲများ ဆက်လက် ပြင်းထန်ဆဲ ဖြစ်သည်။ ထိုအကျိုးဆက်ကြောင့်ပင် တိုင်းရင်းသားဒေသများတွင် နေထိုင်ကြသော ဌာနေတိုင်းရင်းသား များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများစွာကို ဆက်လက် ရင်ဆိုင်နေကြရဆဲဖြစ်သည်။ တပ်မတော်မှ ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့ထိ တိုင်းစစ်ဌာနချုပ် ငါးတိုင်းတွင် စစ်ရေးလှုပ်ရှားမှုများကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သော်လည်း အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် တည်ရှိသည့် ရခိုင်ဒေသ ပါဝင်ခြင်း မရှိခြင်းကြောင့် ဌာနေတိုင်းရင်းသားများကို ကြီးမားသော ထိခိုက်မှုကို ဖြစ်စေသည်။ ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအနက်မှ အောက်တွင် ကောက်နုတ်ဖော်ပြထားသော ဖြစ်စဉ်တချို့မှလည်း ထင်ရှားစွာ ဖော်ပြလျှက်ရှိသည်။

**ညှဉ်းပန်းနှိပ်စက်မှုများ**

**ရခိုင်ပြည်နယ်**

ရက္ခိုင့်တပ်မတော်(AA)နှင့်ဆက်နွယ်မှုရှိသည်ဟုသောသံသဖြင့် ဖမ်းဆီးစစ်ခြင်းခံရသူများအနက်မှ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ရွှေထွန်းဖြူကျေးရွာမှ ကိုဇော်ဝင်းလှိုင်သည် စစ်တွေပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူနေစဉ် သေဆုံးသွားခဲ့သည်။ ထို့ပြင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာတွင် အစိုးရ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်ခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့သူ ရှစ်ဦးအနက်မှ နောက်ထပ်တစ်ဦးဖြစ်သူ ကိုမောင်ဇော်လင်းသည် ထပ်မံ၍ သေဆုံးသွားခဲ့သည်။

.

## ပဲခူးတိုင်း

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ပန်းတောင်းမြို့နေ ကိုအောင်ရဲဇော်သည် ရဲတပ်ဖွဲ့ဝင်များ၏ ချုပ်နှောင် ဖမ်းဆီး၍ နံပတ်တုတ်ဖြင့် ရိုက်နှက်မှုကြောင့် ငါးရက်ကျော်ကြာ သတိလစ်မေ့မြောခဲ့ပြီးနောက် ဇွန်လ ၃၀ ရက်နေ့တွင် သေဆုံးသွားခဲ့သည်။ ပန်းတောင်းမြို့နယ်ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး အောင်အောင်မှ ချုပ်နှောင်ရိုက်နှက်ရာတွင် ပါဝင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင် လေးဦးကို ဖမ်းဆီးအရေးယူထားပြီး ဥပဒေအရဆောင်ရွက်နေသည်ဟု ပြောကြားခဲ့သည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပျဉ်းမြို့နယ်တွင် တပ်မတော် ခြေမြန်တပ်ရင်း ခမရ ၅၇၉ တပ်သားများမှ မိုင်းပျဉ်းမြို့နယ်၊ မိုင်းလျန်းကျေးရွာသား ဂျပေါ ဆိုသူကို ရှမ်းစစ်သားများအတွက် ဆန်များဝယ်ပေးသည်ဟု စွပ်စွဲကာ စစ်ဆေးမေးမြန်း၍ ရိုက်နှက်မှုပြုခဲ့သည်ဟု ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ထုတ်ပြန်ခဲ့သည်။

ပဋိပက္ခများအတွင်း ညှဉ်းပန်းနှိပ်စက်မှုကို လက်နက်သဖွယ်အသုံးပြု၍ အရပ်သားများကို ဝန်ခံလာစေရန် ပြုလုပ်ခြင်း၊ လက်နက်ဖြင့် အနိုင်အထက်ပြုခြင်းသည် မြန်မာနိုင်ငံတွင် အရိုးစွဲနေသော အလေ့အထတစ်ခုသဖွယ် ဖြစ်နေသည်။ ထိုအခြင်းအရာသည် လူသားချင်းစာနာမှုကို ဆန့်ကျင်သော ရာဇဝတ်မှုဖြစ်သည်ကို မေ့လျော့နေကြခြင်းမှာ ကျူးလွန်သူများသည် ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့်ရနေကြခြင်းကြောင့်ဖြစ်သည်။ အစိုးရမှ ညှဉ်းပန်းနှိပ်စက်မှုကို ဆန့်ကျင်ရေး နိုင်ငံတကာ သဘောတူစာချုပ်(UNCAT)ကို လက်မှတ်ရေးထိုးရန် ပျက်ကွက်နေသရွေ့၊ ထိုအခြင်းအရာများကို ကြပ်မတ်စွာ ကိုင်တွယ် ဆောင်ရွက်နိုင်ခြင်းမရှိသရွေ့ ချိုးဖောက်မှုများသည် ဆက်လက် ဖြစ်ပေါ်နေဦးမည် ဖြစ်သည်။ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP) ၏ မှတ်တမ်းပြုထားချက်များအရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ နှောင်းပိုင်းမှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လကုန်ထိ တပ်မတော်မှ ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း သေဆုံးသွားခဲ့သော ရခိုင်တိုင်းရင်းသား (၁၅) ဦးအထိ ရှိခဲ့ပြီး ၎င်းတို့အနက်မှ တချို့သည် ထိန်းသိမ်းခံထားရစဉ်အတွင်း သေနတ်ဖြင့် ပစ်ခတ်ခြင်းခံခဲ့ရသောကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကာ တချို့သည် ညှဉ်းပန်း နှိပ်စက်ခြင်းခံခဲ့ရသောကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း ထိန်းသိမ်းစစ်ဆေးမှုများဆောင်ရွက်နေစဉ် သေဆုံးမှုတချို့နှင့်ပတ်သက်၍ ဇူလိုင်လ ၁၂ ရက်နေ့မှ စတင်၍ စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်း၍ စစ်ဆေး ဆောင်ရွက်နေကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။ ထိုကဲ့သို့ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်ကို AAPP မှ ကြိုဆိုပြီး အမှီအခိုကင်း၍ ပွင့်လင်းမြင်သာမှုရှိသော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပါရန် တိုက်တွန်းပါသည်။ ထို့ပြင် ရဲတပ်ဖွဲ့ဝင်များ၏ ရိုက်နှက်စစ်ဆေး မေးမြန်းမှုများကြောင့် သေဆုံးသွားခဲ့သူများအတွက် တရားမျှတမှုကို ဖော်ဆောင်မှု ပြုပေးပါရန်လည်း တိုက်တွန်းသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ဥပဒေကို ကြပ်မတ်ထိန်းသိမ်းသူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များတွင်လည်း ညှဉ်းပန်းနှိပ်စက်မှုမှ ကာကွယ်မှု ပေးထားသည်။ သို့ဖြစ်၍ အာဏာလက်ဝယ်ထားရှိသော အဖွဲ့အစည်းများမှ အဖွဲ့ဝင်များသည် ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများ၊ စည်းမျဉ်းများကို လေးစား၊လိုက်နာ၊စောင့်ထိန်းခြင်းအားဖြင့် နိုင်ငံသားများ၏ ရှင်သန် ရပ်တည်ခွင့်နှင့် လုံခြုံခွင့်ကို ဖော်ဆောင်မှု ပြုပေးပါရန် တိုက်တွန်းပါသည်။ ထို့ပြင် ဇူလိုင် ၂၄ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်မှ ရဲဝန်ထမ်းများ လူ့အခွင့်အရေး ချိုးဖောက်မှု ပြုလုပ်နေခြင်းကို ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်ပေးရန် လွှတ်တော်သို့ တိုက်တွန်းခဲ့သည်။ ထို့ကြောင့် ထိုအခြင်းအရာများ ဖြစ်ပွားမှုများကို အဆုံးသတ်နိုင်ရန်အတွက် အမြန်ဆုံး ကိုင်တွယ် ဆောင်ရွက်ပါရန် တိုက်တွန်းအပ်ပါသည်။

## ဖမ်းဆီး၊တရားစွဲဆိုခံရမှုများ

ပဋိပက္ခဖြစ်ပွားမှုများအတွင်း ဖမ်းဆီး၊တရားစွဲဆိုမှုများ၊ သေဆုံး/ဒဏ်ရာရရှိမှုများသည်လည်း လျော့ကျသွားခြင်းမရှိဘဲ ဆက်လက် ဖြစ်ပွားလာလျက်ရှိသည်။ ဇူလိုင်လအတွင်းဖြစ်ပွားခဲ့သော ဖြစ်စဉ်များမှ တချို့ကို အောက်တွင် ကောက်နှုတ် ဖော်ပြထားသည်။

.

- တပ်မတော်ယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခြင်းခံခဲ့ရသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်မှ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ခတ်တော်ကျေးရွာမှ ဦးမောင်ဖြူသန်း၊ ဦးစံအောင်ကျော်နှင့် ပေါက်တောမြို့နယ်မှ ဦးရဲဘော်သူတို့ကို သံသယဖြင့် ဖမ်းဆီး၊ခေါ်ဆောင်သွားခဲ့ခြင်း၊
- ရက္ခိုင့်တပ်မတော်(AA)ကို ပံ့ပိုးကူညီနေသည်ဟူသော စွပ်စွဲချက်ဖြင့် စကၤာပူအစိုးရမှ ဖမ်းဆီး၍ မြန်မာနိုင်ငံသို့ ပြန်ပို့ခြင်းခံခဲ့ရသည့် ရခိုင်အသင်း(စကၤာပူ)မှ ရခိုင်တိုင်းရင်းသား ခြောက်ဦးနှင့် အရပ်သား သုံးဦးတို့သည် ဖမ်းဆီးခြင်းခံခဲ့ရပြီးနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(ခ/ဂ)ဖြင့် အမှုဖွင့် ခံထားရခြင်း၊
- ဇူလိုင်လ ၂၈ ရက်နေ့တွင် မင်းပြားမြို့နယ်၊ ရွှေတမာကျေးရွာမှ Plan International အဖွဲ့၏ ဝန်ထမ်း တစ်ဦးဖြစ်သူ ကိုရဲလင်းနိုင်သည် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ကျောက်ရစ်ကေရပ်ကွက်တွင် ဆိုင်ကယ်ဖြင့် သွားလာနေစဉ် တပ်မတော်မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျည်ဆန်ထိမှန်ခဲ့သည်။ ဇူလိုင်လ ၂၉ ရက်နေ့တွင် ကိုရဲလင်းနိုင်ကို စစ်တွေဆေးရုံကြီးသို့ ပို့ဆောင်ခြင်းမပြုမီ တပ်မတော်မှ ရဲတပ်ဖွဲ့၊ တရားသူကြီးများကို ဆေးရုံသို့ခေါ်ယူ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ခဲ့ခြင်း၊
- ဇူလိုင်လ ၂၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ရသေ့တောင်မြို့မှ ပုဏ္ဏားကျွန်းမြို့သို့သွားသည့် ကားတစ်စီးပေါ်မှ လူငယ် ၁၀ ဦးနှင့် ယာဉ်မောင်း ဦးထွန်းမြင့်တို့ကို AA နှင့်ပတ်သက် ဆက်နွယ်သည်ဟုဆိုကာ ဖမ်းဆီး၍ ထိန်းသိမ်းထားခြင်း
- ဇူလိုင်လ ၁၈ ရက်နေ့တွင် တပ်မတော်မှ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပျဉ်းမြို့နယ်၊ ယန်းခမ်းကျေးရွာအုပ်စု၊ နမ့်တက်ကျေးရွာမှ ရှမ်းလူမျိုး ဦးနန္ဒိယကို ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည် တပ်မတော် (RCSS/SSA)၏ အမာခံဖြစ်သည်ဟူသော သံသယဖြင့် ဖမ်းဆီးခဲ့ပြီး ဇူလိုင်လ ၂၈ ရက်နေ့တွင်မှ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားရန်အလို့ငှာ လက်ဝယ်ထားရှိမှုဖြင့် မိုင်းပျဉ်းမြို့နယ်ရဲစခန်း၌ တိုင်ချက် ဖွင့်ခဲ့ကာ လာရောက် အပ်နှံခဲ့သည်။ ဦးနန္ဒိယသည် ဖမ်းဆီးခြင်းခံထားရသည့် ရက်ပေါင်း (၂၀) ခန့်အတွင်း နှိပ်စက် စစ်ဆေးခြင်းကို ခံခဲ့ရသည့်အတွက် ၎င်း၏အသက်အန္တရာယ်ကို စိုးရိမ်မိသည်ဟု ၎င်း၏ မိသားစုဝင် တစ်ဦးမှ ပြောကြားခဲ့ခြင်း

အစိုးရမှ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးတို့အတွက် ဦးတည် ဆောင်ရွက်လျက်ရှိသော်လည်း အခြား တစ်ဘက်၌ ထိုအခြင်းအရာများဖြစ်ပွားနေခြင်းကို အဆုံးသတ်နိုင်ခြင်းမရှိခြင်းသည် ၎င်းတို့ ဆောင်ရွက်လျက်ရှိသော ထိုလုပ်ငန်းစဉ်များကို ဆုတ်ယုတ်စေသည်။ ထို့ပြင် သံသယဖြင့် ဖမ်းဆီး၊တရားစွဲဆိုမှုများသည် လူတစ်ဦး တစ်ယောက် ၏ လွတ်လပ်ခွင့်ကို ဖြတ်တောက်ခြင်းဖြစ်သည့်ပြင် လူ့ဂုဏ်သိက္ခာကို လေးစားလိုက်နာမှုမရှိသည်ကို ညွှန်းဆို ပြသနေ သည်။ ထို့ပြင် ဖမ်းဆီး၊ထိန်းသိမ်းခံထားရခြင်း၏ နောက်ဆက်တွဲအနေဖြင့် စစ်ကြောမှုများနှင့်အတူ ညှဉ်းပန်းနှိပ်စက်မှု များလည်း ရှိလာမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)နှင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (IC-CPR)တို့၌ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်မှုပေးထားသည့်အတွက် အစိုးရမှ လေးစား လိုက်နာ၍ အကောင်အထည်ဖော် ဆောင်ရွက်ပါရန် ထပ်မံ တိုက်တွန်းအပ်ပါသည်။

**နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများ နှင့် ဆန္ဒထုတ်ဖော်မှုများ**

**လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်**

မြန်မာနိုင်ငံတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရရှိရန်အတွက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း(AAPP) အပါအဝင် လူ့အခွင့်အရေးလှုပ်ရှားဆောင်ရွက်နေသည့်အဖွဲ့အစည်းများမှ တောင်းဆိုလျက်ရှိသော် လည်း မြန်မာနိုင်ငံတွင်း လွတ်လပ်စွာ ထုတ်ဖော်ခွင့်အခြေအနေသည် နောက်ကြောင်းပြန်ဆုတ်နေသော အနေအထား တစ်ရပ်ကိုသာ ဦးတည်လျက်ရှိသည်။ ထို့ပြင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးခဲ့ခြင်းအတွက် ကျောင်းသားများ၊ တက်ကြွလှုပ်ရှားသူများနှင့် အရပ်သားများသည် ဖိနှိပ်၊ကန့်သတ်ထားမှုများကို ယခင်ကထက် ပို၍ ရင်ဆိုင်နေကြရသည်။ ဇူလိုင်လအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးခဲ့ခြင်း အတွက် ၅၇ နှစ်မြောက် ဆဲဗင်းဂျူလိုင်(7 July)အရေးအခင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်တက္ကသိုလ်သို့ ချီတက်ခဲ့ကြသော ကျောင်းသား

.

ရှစ်ဦးအပါအဝင် စုစုပေါင်း ၁၆ ဦးသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်း လှည့်လည်ခွင့်(ငြိမ်း၊စု၊စီ)ဥပဒေ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ် ပေးရေးဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် ဆက်သွယ်ရေး ဥပဒေတို့ဖြင့် အသီးသီး အမှုဖွင့် တရားစွဲဆိုခြင်းကို ခံခဲ့ရသည်။ ထို့ပြင် အရပ်သားနှင့် တက်ကြွလှုပ်ရှားသူ ငါးဦးတို့သည် ငြိမ်း၊စု၊စီဥပဒေ၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)၊ ဆက်သွယ်ရေး ဥပဒေတို့ဖြင့် ပြစ်ဒဏ်အသီးသီးချမှတ်ခြင်းကို ခံခဲ့ရသည်။ ထိုဥပဒေများသည် နိုင်ငံသားများကို အကာအကွယ် ပေးရမည့်အစား ချုပ်နှောင်ထားသကဲ့သို့ ဖြစ်စေခြင်းသည် ထိုဥပဒေများ၏ အားနည်းမှုများကို ဖော်ပြသကဲ့သို့ ဖြစ်စေသည်။ ၎င်းပြင် ငြိမ်း၊စု၊စီဥပဒေကို နှစ်ကြိမ်တိုင် ပြင်ဆင်၊ဖြည့်စွက်ပြီးဖြစ်သော်လည်း ထပ်မံ၍ ပြင်ဆင်၊ဖြည့်စွက်ရန် လိုအပ်ခြင်းကြောင့် တတိယအကြိမ် ပြည်ဆင်၊ဖြည့်စွက်ရန် လုပ်ဆောင်နေခြင်း၊ ဆက်သွယ်ရေးဥပဒေကိုလည်း ထပ်မံ၍ ပြင်ဆင်၊ဖြည့်စွက်ခဲ့ရခြင်းတို့ ဆောင်ရွက်ခဲ့သော်လည်း နိုင်ငံသားများသည် ဆက်လက်၍ ဖိနှိပ်မှုများကို ရင်ဆိုင်နေကြရဆဲဖြစ်သည်။ ထို့ပြင် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)ကို အသုံးပြု၍ တက်ကြွလှုပ်ရှားသူများကို ဖိနှိပ်ထားဆဲဖြစ်ဖြစ်ခြင်း၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေနှင့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေတို့သည်လည်း ယနေ့ကာလတွင် ဖိနှိပ်ရန်အတွက် အသုံးပြုလာလျက်ရှိသော ဥပဒေများဖြစ်လာနေခြင်း စသည့် အခြင်းအရာများသည် ထိုဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက် (သို့မဟုတ်) ရုပ်သိမ်းရမည်ကို ထင်ရှားစွာ ဖော်ပြနေသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်ထားသရွေ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီသို့ ဦးတည်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် အစိုးရနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများကို နှိုင်းယှဉ်၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပြင်ဆင်၊ဖြည့်စွက် (သို့မဟုတ်) ရုပ်သိမ်းခြင်းများကို ဆောင်ရွက်ပါရန် ထပ်မံ၍ တိုက်တွန်းပါသည်။

မြန်မာနိုင်ငံတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အခြေအနေသည် ထိခိုက်လွယ်သော အနေအထား၌ ရှိနေချိန်တွင် နိုင်ငံသားများသည် ၎င်းတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်မှုများကိုလည်း ရင်ဆိုင်နေကြရသည်။ ဇူလိုင်လအတွင်းတွင် ရခိုင်ပြည်နယ်ရှိ စစ်ဘေးဒုက္ခသည်စခန်းများမှ ဒုက္ခသည်များကို ကူညီရန် စစ်တွေမြို့တွင် ခွင့်ပြုချက်မရှိဘဲ အလှူခံခဲ့သည့်အတွက် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တရားရုံးမှ ရခိုင်အလင်းတံခါး ကူညီစောင့်ရှောက်ရေးအဖွဲ့မှ ဒုဥက္ကဋ္ဌ အပါအဝင် ရှစ်ဦးကို ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် တစ်ဦးလျှင် ငွေဒဏ် နှစ်သောင်းကျပ်စီ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ပြင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တရားရုံးမှ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာမှ တောင်သူ ဒေါ်မြမြ၊ ဦးသန်းပိုင်၊ ဒေါ်အေးနှင့် သရက်ကိုင်းကျေးရွာနေ ဒေါ်မြတို့ကို လမ်းတံတားဥပဒေ ပုဒ်မ ၂၂၊ ၂၃ တို့ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၄ လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ မြန်မာနိုင်ငံတွင်း ထိုကဲ့သို့တရားစွဲဆို ပြစ်ဒဏ်ချမှတ်မှုများ တဖြည်းဖြည်း မြင့်တက်လာခြင်းသည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ ချိုးဖောက်ခြင်းခံနေကြရသည်ကို ထင်ရှားစွာ ပြသနေသည်။ ၂၀၁၉ ခုနှစ်၊ မေလကုန်တွင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ပြစ်ဒဏ်ချမှတ်ခြင်း ခံထားရသူနှင့် ထောင်တွင်းနှင့်ထောင်ပြင်ပမှ တရားရင်ဆိုင်နေကြရသူ စုစုပေါင်း **၃၈၈** ဦးရှိခဲ့ပြီး ဇွန်လကုန်တွင် စုစုပေါင်း **၄၆၆** ဦးရှိခဲ့သည်။ သို့သော်လည်း ဇူလိုင်လကုန်တွင် စုစုပေါင်း **၅၁၃** ဦးအထိ ထင်ရှားစွာ မြင့်တက်လာခဲ့သည်။ အောက်တွင်ဖော်ပြထားသော ဇယား၌လည်း တွေ့မြင်နိုင်သည်။




.

ထို့ကြောင့် အသွင်ကူးပြောင်းရေးကာလကို ဦးတည်ဆောင်ရွက်နေသော အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှု၍ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသော နိုင်ငံရေးအကျဉ်းသားများ၊ ထောင်တွင်းနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေကြရသူများအားလုံးကို လွှတ်ပေးခြင်းပါရန် တိုက်တွန်းပါသည်။ **"နိုင်ငံရေးအကျဉ်းသားများ ရှိနေသရွေ့ အမျိုးသားပြန်လည် သင့်မြတ်ရေး ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပါ "**

**အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး**

အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးသည် မြန်မာနိုင်ငံတွင်း အမြန်ဆုံး ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရမည့်ကဏ္ဍတစ်ခုဖြစ်သည့်အတွက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)မှ အစိုးရအား အကျဉ်းထောင်ပြုပြင် ပြောင်းလဲရေးများ ပြုလုပ်ရန် ကြိမ်ဖန်များစွာ တိုက်တွန်းလျှက်ရှိသည်။ အကျဉ်းထောင်တွင်း လူဦးရေပြည့်သိပ်နေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာ မရရှိခြင်းစသည့် အကျဉ်းထောင်တွင်း အခြေအနေများသည် အကျဉ်းသားများအတွက် ဆိုးရွားသော အခြေအနေများကို ဖြစ်ပေါ်စေသည်။ အောက်တွင် ဖော်ပြထားသော အကျဉ်းထောင်နှင့်ရဲဘက်စခန်း တချို့၏ အခြေအနေများမှလည်း သိသာစွာ တွေ့မြင်နိုင်သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်(MNHRC)သည် ဇွန်လအတွင်းတွင် ရွှေဘိုအကျဉ်းထောင်နှင့် မုံရွာအကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ဇူလိုင်လ ၁၅ ရက်နေ့တွင် ၎င်းတို့၏ လေ့လာတွေ့ရှိချက်များကို ထုတ်ပြန်ခဲ့သည်။ ရွှေဘိုအကျဉ်းထောင်ရှိ ပြစ်ဒဏ်တိုက်များတွင်ရှိသော အကျဉ်းသား၊အကျဉ်းသူများသည် လေးရက်တစ်ကြိမ်သာ ရေချိုးခွင့်ရသဖြင့် နေ့စဉ်ရေချိုးခွင့်ပေးရန်၊ သစ်သားကွပ်ပျစ်မရှိသဖြင့် ကျန်းမာရေး ထိခိုက်မှုမရှိစေရန်အတွက် သစ်သား ကွပ်ပျစ်ခင်းများ ခင်းပေးရန်နှင့် အကျဉ်းသား၊အကျဉ်းသူများအပေါ် ကျန်းမာရေးတာဝန်ရှိသူများက စောင့်ရှောက်မှု အားနည်းနေသဖြင့် တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများမှ ကြပ်မတ်သင့်ကြောင်း MNHRC မှ အကြံပြုခဲ့သည်။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာ၊ ရင်းငြိမ်ကုန်ထုတ်စခန်းတွင် ဇူလိုင် ၂၇ ရက်နေ့၌ အကျဉ်းသားတစ်ဦးဖြစ်သူ ရဲလေး(ခ)မဲ့ လေးသည် အမြင့်ပေ ၅၇ ခန့်ရှိသည့် ကျောက်တောင်ပေါ်ကို တက်ရောက်ကျောက်ခွဲပြီး ကျောက်တုံးများကို မြေပြင်ပေါ်သို့ တွန်းချရာမှ ရုတ်တရက်ခြေချော်၍ တောင်အောက် ပြုတ်ကျ သေဆုံးသွားခဲ့သည်။ ၄က်အော်စမ်း လူငယ် လေ့ကျင့်ရေးသင်တန်းကျောင်း၊ သန်လျင် လူငယ်လေ့ကျင့်ရေး သင်တန်းကျောင်းနှင့် အမျိုးသမီး သက်မွေး အတတ်ပညာသင်ကျောင်းတို့ရှိ ကလေးသူငယ် ၁၇၅ ဦးကို သုတေသနပြု မေးမြန်းထားချက်များအရ အများစုသည် တရားခွင်တွင် ရှေ့နေ မရှိဘဲ တရားရင်ဆိုင်နေကြရသည်ဟု MNHRC မှ ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့သော အစီရင်ခံစာ အရ သိရှိရသည်။ ကလေးသူငယ် ၄၁ ဦးအတွက် ရှေ့နေကိုယ်စားပြုခွင့်ရှိခဲ့ပြီး ကလေးတစ်ဦးသာ အစိုးရရှေ့နေမှ လိုက်ပါ ဆောင်ရွက်ခွင့် ရရှိခဲ့သည်။ အခြား ကလေးများသည် ဆင်းရဲခြင်း၊ အသိပညာနည်းပါးခြင်းတို့ကြောင့် ခုခံချေပခွင့် မရှိခဲ့ပါ။ [အကျဉ်းသားများကို ပြုမူ ဆက်ဆံရာ၌ လိုက်နာဆောင်ရွက်ရမည့် အနိမ့်ဆုံး စံနှုန်းများ(SMRs)]တွင် အကျဉ်းသားများကို မည်ကဲ့သို့ ပြုမူဆက်ဆံရမည်ကို လမ်းညွှန်မှုပေးထားပြီး အစိုးရမှ ထိုစည်းမျဉ်းများအား လေးစားလိုက်နာရန် လိုအပ်ပြီး ထိုစည်းမျဉ်းများကို နားလည်သိရှိစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများကို သင်တန်းများ ပို့ချပေးရန်လည်း လိုအပ်သည်။ ထို့ပြင် အကျဉ်းသားအရေး ဆောင်ရွက်လျှက်ရှိသော အဖွဲ့အစည်းများ၏ အကြံပြုချက်များကို သုံးသပ်၍ အကျဉ်းသားများ၏ အခွင့်အရေးများကို ဖော်ဆောင်မှုပေးပါရန် တိုက်တွန်းပါသည်။ ၎င်းပြင် မြန်မာနိုင်ငံသည် [ကမ္ဘာ့ကုလသမဂ္ဂ၏ ကလေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(CRC)]ကို လက်မှတ်ရေးထိုးအတည်ပြုပြီးသည့် နိုင်ငံ တစ်နိုင်ငံ ဖြစ်သည့်အတွက် ဖမ်းဆီး၊ ထိန်းသိမ်း၊ ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသော ကလေးသူငယ်များ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရန်အတွက် ဆောင်ရွက်မှုပေးပါရန် တိုက်တွန်းပါသည်။ ထို့ပြင် [ကမ္ဘာ့ကုလသမဂ္ဂ၏ လွတ်လပ်ခွင့် ဖြတ်တောက်ခြင်းခံထားရသည့် လူငယ်များကို ကာကွယ်ရန်အတွက် ချမှတ်ထားသော စည်းမျဉ်းများ]ကို လေးစားလိုက်နာ၍ ကျင့်သုံးပါရန်လည်း တိုက်တွန်းပါသည်။

**လယ်ယာမြေရေးရာကိစ္စရပ်များ**

လယ်ယာမြေအရေးသည် မြန်မာနိုင်ငံတွင်း ဖြေရှင်းနိုင်ခြင်းမရှိသေးသော ကိစ္စရပ်တစ်ခုအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။ အစိုးရမှ လယ်ယာမြေအရေးကို ဆောင်ရွက်လျက်ရှိသော်လည်း ပြေလည်နိုင်ခြင်းမရှိသေးဘဲ

.

ဆက်လက်ဖြစ်ပွားလျက်ရှိခြင်းသည် ကြပ်မတ်စွာ ကိုင်တွယ်ဆောင်ရွက်မှု လျော့နည်းနေခြင်းအတွက်ကြောင့် ဖြစ်သည်။ ထို့ပြင် တပ်သိမ်းလယ်ယာမြေ အရေးနှင့် ပဋိပက္ခများတွင်း ကျရောက်နေသော လယ်သမားများသည် ထိခိုက်မှုများကိုသာ ဆက်လက် ရင်ဆိုင်နေရကြရသည်။ ဇူလိုင်လအတွင်းတွင် တပ်မြေကျူးကျော်သည်ဟုဆိုကာ ဒေသအခြေစိုက် တပ်မတော် အမြောက်တပ် ၃၆၀ မှ ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်၊ ဒေါဆိုရှေ့ရွာမှ တောင်သူ သုံးဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဒီမောဆိုမြို့မ ရဲစခန်းတွင် ခံဝန်ဖြင့် ပြန်လည်လွှတ်ပေးခဲ့ခြင်း၊ သိမ်းဆည်းခြင်း ခံထားရသောလယ်ယာမြေများပေါ်တွင် ဝင်ရောက် စိုက်ပျိုးခဲ့သည့်အတွက် တပ်မတော်မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဖောင်းတော်မြေနီဒေသမှ တောင်သူ ရှစ်ဦးကို ရာဇသတ်ကြီးပုဒ်မ ၄၂၇၊ ၄၄၇ တို့ဖြင့် အမှုဖွင့်ခဲ့ခြင်း၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ထိပ်ဝပြင်ကျေးရွာနှင့် ရုပ်ချောင်း ကျေးရွာတို့တွင် လယ်ယာမြေများသို့ ထွန်ယက် စိုက်ပျိုးရန် သွားရောက်စဉ် တပ်မတော်မှ တားဆီးမှုများနှင့် သေနတ်ဖြင့် ပစ်ခတ်မှုများ ရှိနေခြင်း၊ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပန်းဘဲချောင်းကျေးရွာတွင် တပ်မတော် ခြေမြန် တပ်ရင်း အမှတ် ၅၃၉ မှ လယ်သမားများအား ထွန်ယက်စိုက်ပျိုးခြင်းမပြုရန် တားမြစ်ခဲ့ခြင်း စသည့်ဖြစ်စဉ်များမှလည်း ဖော်ပြလျှက်ရှိသည်။ လယ်သမားများ ထိခိုက် နစ်နာမှုများကို ရင်ဆိုင်နေကြရသရွေ့ လယ်ယာမြေကဏ္ဍကိုလည်း ထိခိုက်နေဦးမည် ဖြစ်သည်။ ထို့ကြောင့် အစိုးရမှ လယ်ယာမြေများ သိမ်းဆည်းခြင်းခံထားရသောကြောင့် စိုက်ပျိုးထွန်ယက်ရန် ခက်ခဲနေသော တောင်သူများနှင့် ဖိနှိပ်ကန့်သတ်မှုများကို ရင်ဆိုင်နေကြရသော တောင်သူများ၏ အခွင့်အရေးများကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် တောင်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်မှုပြုပေးပါရန် တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်မေးမြန်းရန်**

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင်အတွင်းရေးမှူး +၉၅(၀) ၉၄၂ ၈၀၂ ၃၈၂၈**
**ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄၂ ၅၀၃ ၈၈၄၀**
**အောင်မျိုးကျော်ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈ ၁၁၇ ၃၄၈**

.